ဩဂုတ်လ ၉ ရက် ၂၀၁၃

သတင်းထုတ်ပြန်ကြေငြာချက်

**အချိန်မတန်မီ ဒုက္ခသည်များကို ပြန်ပို့မည့်လက္ခဏာများကြောင့် ရှမ်းလူမှုအဖွဲ့အစည်းများကစိုးရိမ်**

လုံခြုံရေးအာမခံချက်မရှိဘဲ ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ဒုက္ခသည်စခန်းမှ ရှမ်းဒုက္ခသည်များကို မြန်မာ အာဏာပိုင်တို့က ရွှေ့ပြောင်းရန်ပြင်ဆင်သည့် အရိပ်လက္ခဏာများကြောင့် ရှမ်းလူမှုအဖွဲ့အစည်းများ များကစိုးရိမ်ပူပန်နေကြပါသည်။

ပြီးခဲ့သည့်လက ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မှ မြန်မာရဲများ ချင်းမိုင်ခရိုင် ဖိန်းဟင်မြို့နယ် ကုန်းကျော် ဒုက္ခသည်စခန်းသို့လာရောက်ပြီး မြန်မာပြည်ဘက်ကို ပြန်လို-မလို လာရောက်မေးမြန်းခဲ့ ပါသည်။ ရွာသားများမှ မည်သူတဦးတယောက်မှ ပြန်လိုကြောင်း အရိပ်အရောင် မပြသော်လည်း ထိုင်း- မြန်မာ နယ်စပ်မှ ၁၅ ကီလိုမီတာဝေးသည့် မိုင်းတုံမြို့နယ် မိန်းတော့ မှ မြန်မာစစ်ဗျူဟာမှူးက ကုန်းကျော်ဒုက္ခသည်စခန်းမှ လူကြီးထံဆက်သွယ်လာပြီး သူ့ဒေသသို့ပြောင်းရွှေ့လာမည့်သူများ အတွက် နေအိမ်သစ်များဆောက်လုပ်ပေးမည် ဟုဆိုသည်။

၂၀၁၂ ခုနှစ် ဩဂုတ်လတွင်လည်း ရှမ်းဒုက္ခသည်များ မြန်မာပြည်ပြန်ရေးအတွက် မြန်မာ့ငြိမ်းချမ်းရေး ဖေါ်ဆောင်မှုအထောက်အကူပြုအဖွဲ့တွင် ကန်ထရိုက်ယူထားသော နော်ဝေး NPC အဖွဲ့က ကွင်းဆင်း လေ့လာခဲ့ပြီး မိန်းထား (မိန်းတော့အနီး) တွင် နေရာချထားပေးမည့်အစီအစဉ်ရှိခဲ့ပြီး ထိုနေရာသည် တိုက်ပွဲများဆက်လက်ဖြစ်ပွါးနေကာ မြေမြုပ်မိုင်းများထူပြောသည့် နေရာဖြစ်ကြောင်း လူအများသိရှိပြီး နောက်ထိုအစီအစဉ်ကိုရုပ်ဆိုင်းခဲ့သည်။ ၎င်းအပြင် မိန်းတော့ - မိန်းထားသို့ ပြောင်းရွှေ့မည့် ဒုက္ခသည် များအတွက် နောက်ဆုံးအိမ်ယာဆောက်လုပ်ရေးအစီအစဉ်ကို နိုင်ငံတကာမှ အလှူရှင်များကူညီမှု ရှိ မရှိမှာ မရှင်းလင်းသေးပေ။

မနှစ်ကစ၍ယနေ့တိုင် ဤနယ်စပ်ဒေသနေရာသည် လုံခြုံရေးတိုးတက်လာခြင်းမရှိခဲ့ပေ။ စစ်တပ် အများအပြားချထားသော နေရာလည်းဖြစ်သည်။ အထူးသဖြင့် ပြီးခဲ့လများနောက်ပိုင်း ရှမ်းပြည်နယ် တောင်ပိုင်းရှိ မြန်မာစစ်တပ် နှင့် ဝတပ်တို့ ဆက်ဆံရေးမှာလည်း ပိုမိုတင်းမာနေခဲ့သည်။

ဤကုန်းကျော်ဒုက္ခသည်စခန်းသည် ၂၀၀၂ ခုနှစ် နယ်စပ်တွင် မြန်မာစစ်တပ်နှင့် အက်စ်အက်စ်အေ ရှမ်းပြည်တောင်ပိုင်းတပ်တို့ တိုက်ပွဲဖြစ်ပွါးပြီးနောက် ဤဒုက္ခသည်စခန်းကို တည်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ဒုက္ခသည်ဦးရေ ၅၀၀ ခန့်ရှိသည်။ လူဦးရေတဝက်မှာ ခလေးများ ဖြစ်ကြသည်၊ ထိုင်းနိုင်ငံ

တွင်တခုထည်းသော ရှမ်းဒုက္ခသည်စခန်းဖြစ်သည်။ ရှမ်းပြည်နယ်တွင် ဆယ်စုနှစ်များကြာ ဖြစ်ပွါးခဲ့သည့်စစ်ပွဲများကြောင့် တိမ်းရှောင်ကြရသည့် သိန်းနှင့်ချီသော ပြည်သူလူထုတို့သည် ဒုက္ခသည်စခန်းမရှိသောကြောင့် ထိုင်းနိုင်ငံတပှမ်း၌ တရားမဝင်အလုပ်သမားများအဖြစ် သက်မွေးဝမ်းကျောင်းကြရသည်။ ကုန်းကျော်ဒုက္ခသည်စခန်းသည် ထိုင်းနိုင်ငံရှိ အဓိကဖြစ်သော ကရင် နှင့် ကရင်နီ ဒုက္ခ သည်စခန်း ၉ ခုကဲ့သို့ လိုအပ်သည့်ပြည့်ဝသော ထောက်ပံ့မှုအဆင့်မရရှိခဲ့ပေ။ ထို့ကြောင့် ဆန္ဒမပါဘဲ ပြောင်းရွှေ့ခံရမည့်အခြေအနေ အရိပ်လက္ခဏာများကြောင့် ရှမ်းလူမှုအဖွဲ့အစည်းများက စိုးရိမ်ပူပန်နေကြပါသည်။

"ရှမ်းဒုက္ခသည်တွေရဲ့ပြဿနာကို ဖုံးဖိလာခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ ရှမ်းလူမျိုးအများစုကို ဒုက္ခသည်အဖြစ် အသိအမှတ်မပြုတဲ့အပြင် သူတို့ဘဝရဲ့လုံခြုံရေးနဲ့ သိက္ခါရှိရှိပြန်နိုင်ရေးဟာ သူတို့ရဲ့အခွင့်အရေးဖြစ်တဲ့အတွက် သူတို့မှာငြင်းဆိုပိုင်ခွင့်ရှိတယ်" ဟု ရှမ်းအမျိုးသမီးလှုပ်ရှားမှုကွန်ယက်မှ ယိင်းဟာန်ဖက ပြောသည်။

မြန်မာ၊ ထိုင်းနှင့် နိုင်ငံတကာမှ တာဝန်ရှိသူများသည် ရှမ်းဒုက္ခသည်များ ပြန်လည်ပို့ဆောင်ရေးကို စီစဉ်လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ နိုင်ငံတကာစံနှုန်းတွေအတိုင်း လုံခြုံရေးနှင့်သိက္ခါရှိရန်၊ ဒုက္ခသည်ကိုယ်တိုင်ဆန္ဒရှိမှသာပြောင်းရွှေ့ပေးရန် ရှမ်းလူမှုအဖွဲ့အစည်းများအနေဖြင့် တောင်းဆိုလိုက်ပါသည်။

ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများမှာ *ရှမ်းပြည်လူ့အခွင့်အရေးမဏ္ဍိုင်၊ ရှမ်းသဘာဝပတ်ဝန်းကျင်အဖွဲ့၊ ရှမ်းပြည်အဖွဲ့အစည်း၊ ရှမ်းအမျိုးသမီးများလှုပ်ရှားဆက်သွယ်ရေးအဖွဲ့၊ ရှမ်းလူငယ်ကွန်ယက်အဖွဲ့ နှင့် ရှမ်းလူငယ့်စွမ်းအားတို့ဖြစ်ကြသည်။*

နောက်ဆက်တွဲ
နေရာပြန်လည်ချထားမည့်နေရာပြမြေပုံ (ဩဂုတ်လ ၂၀၁၂)

ဆက်သွယ်ရန် -

စိုင်းခေးဆိုင်   +6681-6722031, shancbosforum@gmail.com

ယိင်းဟာန်ဖ   +6689-2627848, shancbo@gmail.com